
စိတ်ကူးချိုချိုအ
စောင်းဆရာကြီးဂုတ္တိလ
မြန်မာပုံပြင်ရှည်
မောင်ခေတ်ထွန်း
ဒုတိယအကြိမ်

mgyoe.com



# စောင်းဆရာကြီးဂုတ္တိလ

မြန်မာ့ပုံပြင်ရှည်

**မောင်ခေတ်ထွန်း**

ISBN9789997116864
KHIT35
9 789997 116864
800.00 KS

mgyoe.com

စောင်းဆရာကြီးဂုတ္တိလမြန်မာပုံပြင်ရှည်၊ မောင်ခေတ်ထွန်း
စာမျက်နှာ ၆၅ မျက်နှာ၊ ၁၂·၇စင်တီ× ၁၇·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# စောင်းဆရာကြီးဂုတ္တိလ
## မြန်မာပုံပြင်ရှည်
# မောင်ခေတ်ထွန်း

ဒုတိယအကြိမ်၊ ၂၀၀၄

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

တစ်ခါက အထက်မြန်မာနိုင်ငံရှိ ကျေးရွာကလေး တစ်ရွာတွင် သစ်ခုတ်သမား ဇနီးမောင်နှံ နှစ်ဦး နေထိုင်ကြလေသည်။ သူတို့တွင် သားတစ်ယောက်ရှိသည်။ သူတို့သည် ဆင်းရဲသော်လည်း တင်းတိမ်ရောင့်ရဲကြသည်။ ပျော်ရွှင်ချမ်းမြေ့ကြသည်။ သူတို့အိမ်ကလေးသည် သေးငယ်လှ၍ သရက်ပင်အောက်တွင် ဆောက်လုပ်ထားသည်။ အိမ်အနီးတွင် ရေတွင်းတစ်တွင်းရှိသည်။ အိမ်ရှေ့တွင် လမ်းတစ်လမ်းရှိရာ လက်ယာဘက်မှသွားလျှင် တောထဲသို့ ရောက်နိုင်၍ လက်ဝဲဘက်မှသွားလျှင် ရွာသို့ ရောက်ရှိနိုင်သည်။ သစ်ခုတ်သမားသည် ခွေးတစ်ကောင်နှင့် ကြက်များကို မွေးမြူထားသည်။ ညအချိန်တွင် ခွေးသည် အိမ်ထဲသို့ သူခိုးမဝင်နိုင်အောင် စောင့်ရှောက်ပေးသည်။ အကယ်၍ အိမ်နားသို့ သူခိုးကပ်လာလျှင် လှမ်းဟောင်၍ သူခိုးကို ထွက်ပြေးစေသည်။

သစ်ခုတ်သမား၏ ကလေးလေးသည် ယောကျာ်းလေးဖြစ်၍ ငယ်လွန်းလှသည်။ ခြောက်လသားအရွယ်သာ ရှိသေးသည်။ ဝဝတုတ်တုတ်ကလေး ဖြစ်သည်။ ကလေးသည် စကားမပြောတတ်သေးပေ။ အသံတစာစာဖြင့် မြူးထူးနေတတ်သည်။

mgyoe.com

mgyoe.com


ကစားစရာ အရုပ်များဖြင့် ကစားနေတတ်သည်။ ကလေးလေး၏ အမည်မှာ 'ဂုတ္တိလ' ဖြစ်သည်။ မိဘနှစ်ပါးစလုံးသည် သူတို့သား ကလေးကို အလွန်ပင် ချစ်မြတ်နိုးကြသည်။ ဂုတ္တိလ၏မိခင်သည် နံနက်စောစော အိပ်ရာမှထကာ အိမ်အလုပ်များကို လုပ်ရှာသည်။ အိမ်ကို သန့်ရှင်းရေးပြုလုပ်သည်။ မီးဖိုချောင်ဝင်၍ အစားအစာများ ချက်ပြုတ်သည်။ ရေတွင်းမှ ရေကို ဆွဲသည်။ အဝတ်အထည်များကို လျှော်ဖွပ်သည်။ မွန်းတည့်ချိန်တွင်မူ ကလေးနှင့်အတူ ခေတ္တမျှ တစ်ရေးတစ်မော အိပ်သည်။

ဂုတ္တိလ၏ ဖခင်သည် နံနက်နေထွက်သည်နှင့် တစ်ပြိုင်နက် သစ်ခုတ်ရန် အိမ်မှ ထွက်ခွာသွားလေ့ရှိသည်။ နေပူလာလျှင် သစ်ပင်တစ်ပင်၏ အရိပ်အာဝါသအောက်တွင် ခေတ္တမျှ မှေးစက်သည်။ နေဝင်ချိန်တွင် အိမ်သို့ပြန်လာသည်။ ထို့နောက် ထမင်းစားပြီး ကလေးနှင့်အတူ ဆော့မြူကစားသည်။ သူ့ကလေးအား အထက်သို့မြှောက်ကာ ကျီစယ်သည်။ ထိုအခါ ကလေးလေးသည် အလွန်နှစ်သက်ကာ ရယ်မောလေသည်။ ထို့နောက် သူ့ဖခင်သည် ပလွေကိုယူကာ ရွှင်မြူးဖွယ် အသံကို မှုတ်ပြသည်။ ဂုတ္တိလသည် ပလွေသံကြားသော် ပို၍မြူးထူး ပျော်ရွှင်လာသည်။ ဂုတ္တိလသည် ဂီတကို နှစ်သက်ဟန်တူသည်။

ထို့ကြောင့် သူ့ဖခင်က ဇနီးသည်အား "တစ်နေ့မှာ ငါတို့သားဟာ ဂီတသမား ဖြစ်လာလိမ့်မယ်။ မင်းစောင့်ကြည့်" ဟု ပြောဆိုလေသည်။ သူ့မိခင်သည် သားကို ဂီတသမား မဖြစ်စေလိုပေ။ ထို့ကြောင့် ဇနီးသည်က -

"ကျုပ်သားကိုတော့ ဂီတသမား အဖြစ်မခံပါဘူး။ သူ့ကို

mgyoe.com



mgyoe.com

mgyoe.com

ရွာသူကြီးပဲ ဖြစ်စေချင်တယ်။ ဂီတသမားဆိုရင် ကြီးပွားချမ်းသာတာ တစ်ယောက်မှ မရှိဘူး။ ဂီတနဲ့ အသက်မွေးဝမ်းကျောင်းလို့လည်း ရတာမဟုတ်ဘူး''ဟု ဆိုလေသည်။

တစ်နေ့တွင် ဂုတ္တိလ၏ဖခင်သည် တောထဲတွင် သစ်ခုတ်လျက်ရှိစဉ် ဝက်ဝံနက်တစ်ကောင်ကို တွေ့မြင်လေသည်။ သို့သော် ဝက်ဝံက သူ့ကို မမြင်ချေ။ သစ်ခုတ်သမားသည် ဝက်ဝံကို မကြောက်ရွံ့ပေ။ သစ်ခုတ်သမားက ''ငါ ရွာကို အမြန်ပြန်ပြီး ရွာသူကြီးဆီမှာ လှံတံ ခဏငှားမယ်။ လှံတံရလာရင် ဒီကိုပြန်လာပြီး ဝက်ဝံနောက်ကို လိုက်မယ်။ တွေ့ရင် လှံနဲ့ထိုးသတ်မယ်။ အဲဒီနောက် ဝက်ဝံသားရေကို ဆုတ်မယ်။ ဝက်ဝံသားရေဟာ အလွန်ထူတဲ့ သားရေဖြစ်တယ်။ ရောင်းရင် ငွေအများကြီးရမယ်''ဟု တစ်ကိုယ်တည်း တွေးမိလေသည်။ သစ်ခုတ်သမားသည် ဝက်ဝံကြီး မြင်ကွင်းမှ ကွယ်ပျောက်သွားသည်အထိ လိုက်လံကြည့်နေမိသည်။

ထို့နောက် သစ်ခုတ်သမားသည် ရွာသို့ အမြန်ဆုံး ပြေးလာခဲ့သည်။ ရွာသူကြီး၏ အိမ်သည် အိမ်ကြီးအိမ်ကောင်း ဖြစ်သည်။ အိမ်ရှေ့တွင် ဝရန်တာတစ်ခုရှိသည်။ သူကြီးသည် နေ့စဉ် ဝရန်တာတွင် တစ်နေ့လုံး ထိုင်လေ့ရှိသည်။ သူသည် သစ်ခုတ်သမားကို မြင်သော် -

''မိတ်ဆွေ ဘာအလိုရှိလို့လဲ''ဟု မေးသည်။

သစ်ခုတ်သမားသည် အမြန်ပြေးလာရသဖြင့် မောဟိုက်၍ နေသည်။ အသက်ရှူမမှန်ပေ။ စကားပင် မပြောနိုင်သေးချေ။ ထို့နောက် သစ်ခုတ်သမားက -
mgyoe.com

mgyoe.com



mgyoe.com


"ကျွန်တော် တောထဲက မိုင်ဝင်လောက်နေရာမှာ ဝက်ဝံကောင်းကောင်းတစ်ကောင် တွေ့ခဲ့ပါတယ်။ သူကြီးရဲ့ လှံတံသာရရင် ဝက်ဝံကို သတ်နိုင်မှာပဲ"ဟု ဆိုလေသည်။

ထိုအခါ သူကြီးက "သင့်ကို ငါ့ရဲ့လှံတံကြီးကို ငှားပါ့မယ်။ ဒါပေမဲ့ သေသေချာချာ သတိထားနော်။ ဝက်ဝံဟာ သိပ်ကြောက်စရာကောင်းတဲ့ သတ္တဝါပဲ။ လူကို အလွန်ရန်ပြုတယ်"ဟု ဆိုသည်။

ထို့နောက် သူကြီးသည် ဝရန်တာရှိ ဖျာပေါ်မှထကာ အိမ်ထဲသို့ ဝင်သွားပြီး လှံတံကိုယူကာ ဂုတ္တိလ၏ ဖခင်အား ပေးလေသည်။ ဂုတ္တိလ၏ဖခင်သည် ကျေးရွာသူကြီးအား ကျေးဇူးတင်ကြောင်း ပြောဆိုကာ တောထဲသို့ အမြန်ပြေးလာခဲ့လေသည်။ သူ့အိမ်ရှေ့သို့ရောက်သော် သူ့ဇနီးနှင့် ကလေးသည် သူ့ခင်ပွန်းသည်ကိုမြင်သော် "ရှင့်လက်ထဲကဟာ ဘာလဲ"ဟု မေးလေသည်။ ထင်းခုတ်သမားက "ဒါ သူကြီးရဲ့ လှံလေ။ ငါတောထဲမှာ ထင်းခုတ်ရင်း ဝက်ဝံတစ်ကောင်ကို တွေ့ခဲ့တယ်။ ဒီလှံနဲ့ဝက်ဝံကို သတ်မလို့ကွ။ ဝက်ဝံတစ်ကောင်ရဲ့ သားရေကိုဆုတ်ပြီး ရောင်းရင် ငွေတွေအများကြီးရမယ်။ ဒါမှ မင်းကို ငွေများများအပ်နိုင်မှာ"ဟု ပြောကြားသည်။

သူ့ဇနီးက "ရှင် သတိထားနော်။ ဝက်ဝံဆိုတာ သိပ်ကြောက်စရာကောင်းတဲ့ သတ္တဝါပဲ"ဟု ဆိုသည်။ သစ်ခုတ်သမားလည်း "မင်းကလည်း ပူတတ်ရန်ကော"ဟု ပြောဆိုရယ်မောကာ တောထဲသို့ ပြေးထွက်လာခဲ့လေသည်။

သစ်ခုတ်သမားသည် တောထဲတွင် ခရီးအတန်ကြာ

mgyoe.com

mgyoe.com


သွားမိသော် ကြီးမားသော ကျောက်တုံးကြီးနားသို့ ရောက်ရှိလာခဲ့လေသည်။ ကျောက်တုံးပေါ်တွင် ဝက်ဝံသည် ထိုင်လျက်ရှိနေသည်။ သစ်ခုတ်သမားကား ကျောက်တုံးအောက်တွင် ရှိနေသည်။ သစ်ခုတ်သမားသည် ဝက်ဝံကြီးကိုမြင်သော် လွန်စွာ စိတ်လှုပ်ရှားလျက်ရှိသည်။ သူသည် ဝက်ဝံကြီးအား လှံဖြင့်ထိုးလိုက်သည်။ သို့သော် လှံသည် ဝက်ဝံကြီး မထိချေ။ ဝက်ဝံကြီးသည် ဒေါသတကြီးဖြင့် အော်မြည်သည်။ ထို့နောက် ကျောက်တုံးပေါ်မှ ပြေးဆင်းလာကာ သစ်ခုတ်သမားအနီးသို့ ရောက်ရှိလာသည်။ သစ်ခုတ်သမားလည်း အလွန်ကြောက်ရွံ့ကာ ထွက်ပြေးလေသည်။ ဝက်ဝံလည်း သူ့နောက်မှ လိုက်လာသည်။ ထို့နောက် ဝက်ဝံသည် သစ်ခုတ်သမားကို ခုန်အုပ်ကာ မြေပြင်ပေါ်သို့ လဲကျသွားစေသည်။ သစ်ခုတ်သမားလည်း လဲရာမှ မထနိုင်တော့ပေ။ ထိုအခါ ဝက်ဝံသည် သစ်ခုတ်သမား၏ မျက်နှာကို ခြေသည်းများဖြင့် ကုတ်ခြစ်သည်။ ကိုယ်လုံးကို ကိုက်ဖဲ့သည်။ မကြာမီ သစ်ခုတ်သမားသည် သေဆုံးသွားလေသည်။

သစ်ခုတ်သမား၏ ဇနီးသည်သည် သူ့ခင်ပွန်းအား ဝက်ဝံရှေ့မှာ ပြေးသွားသည်ကို မြင်သော် လွန်စွာ စိုးရိမ်သွားသည်။ ကြောက်ရွံ့သွားသည်။ ထို့နောက် သူသည် ကလေးကို ပွေ့ပိုက်ကာ သူကြီး၏ ဇနီးထံသို့ လာခဲ့လေသည်။ သူကြီး၏ဇနီး အိမ်သို့ရောက်သော် သစ်ခုတ်သမား၏ ဇနီးသည်က သူကြီး၏ဇနီးအား-

"ကျွန်မယောကျ်ားနောက် လိုက်သွားချင်လို့ ကျွန်မကလေးကို ကျေးဇူးပြုပြီး ခဏလောက် ကြည့်ပေးပါနော်။ ကျွန်မယောကျ်ားဟာ ဝက်ဝံရှေ့က ပြေးသွားတာ မြင်တွေ့လိုက်ရပါ

mgyoe.com

mgyoe.com


တယ်။ ကျွန်မ အလွန်ပဲ စိုးရိမ်ကြောက်လန့်နေမိပါတယ်။ ကျွန်မ ယောကျ်ား တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေမိပါတယ်။ ဒါကြောင့် ကျွန်မယောကျ်ားကို သွားကြည့်ချင်လို့ပါ''ဟု ပြောဆိုလေသည်။

ထိုအခါ သူကြီး၏ဇနီးက ''ရှင့်ကလေးကို ကြည့်ပေးရတာ ဘာမှအပန်းမကြီးပါဘူး။ ဒါပေမဲ့ ရှင့်ယောကျ်ားရှေ့က ပြေးသွားမယ်ဆိုရင်တော့ ရှင် သိပ်မိုက်တယ်လို့ဆိုရမယ်။ ရှင့်ယောကျ်ား လက်ထဲမှာ လှံတံကြီးနဲ့ဆိုတာ ရှင်သိမှာပေါ့။ မတော်လို့ ရှင့်ကို သားကောင်မှတ်လို့ မှားပြီးထိုးမိရင် အခက်ပဲပေါ့။ ရှင့်ယောကျ်ား ဟာ ဘာအန္တရာယ်မှ ကြုံတွေ့မှာမဟုတ်ပါဘူး''ဟု ဆိုလေသည်။ သို့သော် သစ်ခုတ်သမား၏ ဇနီးသည် သူကြီး၏ ဇနီး ပြောစကားကို နားမဝင်ချေ။ သူသည် တောထဲသို့ အမြန်ဆုံး ပြေးဝင်သွားလေသည်။

သစ်ခုတ်သမား၏ ဇနီးသည် မိုင်ဝက်ခန့် အရောက်တွင် သူ့ယောကျ်ားကို မြင်တွေ့လေသည်။

သူ့ယောကျ်ား၏ကိုယ်တွင် ဝက်ဝံကုတ်ခြစ်ထားသော ဒဏ်ရာများဖြင့် ပြည့်လျက်ရှိသည်။ မျက်နှာနှင့် လက်များမှာ သွေးများစီးကျနေသည်။ သူသည် သူ့ယောကျ်ား၏ ဖြစ်အင်ကို မြင်သော် မြေပေါ်တွင်ပစ်လှဲကာ ငိုကြွေးလေသည်။ သူ့ယောကျ်ား သေဆုံးသွားပြီဆိုသည်ကို သိရှိသွားပြီ ဖြစ်သည်။ အချိန်အနည်းငယ်အကြာတွင် သူသည် စိုးရိမ်ထိတ်လန့်လာသည်။ သူသည် လှံတံကိုဆွဲယူကာ ''ငါ့ယောကျ်ားကို သတ်ခဲ့တဲ့ ဝက်ဝံတော့ လား တွေ့ရင် အသေပဲ''ဟု ကြုံးဝါးသည်။

သစ်ခုတ်သမား သေဆုံးသွားသော် ဝက်ဝံသည် သစ်ပင်

mgyoe.com

mgyoe.com


ကြီး တစ်ပင်ပေါ်တွင် တက်ရောက်သွားလေသည်။ ထိုသစ်ပင်ပေါ်တွင် ပျားလဘိုကြီးရှိသည်။ ဝက်ဝံကြီးသည် ပျားလဘို့မှ ပျားရည်များကို နံနက်စာအဖြစ် စားသုံးသည်။ ဝက်ဝံကြီးသည် သေဆုံးသွားသော သစ်ခုတ်သမားထံသို့ သူ့ဇနီး လိုက်လာသည်ကို မြင်တွေ့သွားသည်။ ''ဒီမိန်းမဟာ သူ့ယောကျ်ားလိုပဲ ငါ့ကို လှံနဲ့ထိုးမလို့ပါလား။ သူဟာ ငါ့ကို ရန်မူမယ့် အန္တရာယ်ပေးမယ့်သူပဲ''ဟု ဝက်ဝံကြီးက တွေးမိလေသည်။ ထိုသို့ဖြင့် ဝက်ဝံသည် သစ်ခုတ်သမား၏ အမျိုးသမီးထံသို့ ဖြည်းညင်းစွာ ချဉ်းကပ်သွားသည်။ သစ်ခုတ်သမား၏ဇနီးသည် ဝက်ဝံ၏ခြေသံကို ကြားသွားသည်။ သူသည် နောက်သို့ လှည့်ကြည့်ရာ ဝက်ဝံကြီးကို မြင်တွေ့သွားသည်။ သူသည် ကြောက်လန့်တကြားဖြင့် အော်ဟစ်ကာ ဝက်ဝံကြီးကို လှံဖြင့်ထိုးသည်။ သို့သော် လှံသည် ဝက်ဝံကြီးကို မထိချေ။ ထိုအခါ ဝက်ဝံကြီးသည် ကြီးမားသော ခြေများဖြင့် အမျိုးသမီးကိုယ်ပေါ်သို့ ခုန်အုပ်ကာ မြေပြင်ပေါ်သို့ လဲကျသွားစေသည်။ ထို့နောက် ဝက်ဝံကြီးသည် သစ်ခုတ်သမားဇနီး၏ မျက်နှာကို လက်သည်းများဖြင့် ကုတ်ခြစ်သည်။ သစ်ခုတ်သမား၏ဇနီးသည် သေဆုံးသွားပြီဟု ဝက်ဝံကြီး ထင်မှတ်သွားလေသည်။ ထို့နောက် ဝက်ဝံကြီးသည် ဒေါသတကြီးဖြင့် အော်ဟစ်ကာ ထွက်ခွာသွားလေသည်။

ထိုအချိန်တွင် တောထဲတွင် တခြားရွာသားတစ်ဦးသည် သစ်ခုတ်လျက်ရှိသည်။ သူသည် အမျိုးသမီးတစ်ဦး၏ အော်သံကို ကြားလိုက်ရ၍ ပေါက်ဆိန်ကို ဘေးချပြီး နားစွင့်နေသည်။ ထို့နောက် သူသည် ဝက်ဝံအော်သံကို ထပ်မံကြားလိုက်ရပြန်သည်။

mgyoe.com

mgyoe.com


ထို့ကြောင့် သူသည် ပေါက်ဆိန်ကိုဆွဲကာ အသံလာရာဘက်သို့ ပြေးထွက်လာခဲ့သည်။ မကြာမီ သူသည် သေဆုံးနေသော သစ်ခုတ်သမားနှင့် သူ့အနီးတွင် လဲနေသော သစ်ခုတ်သမား၏ဇနီးကို တွေ့မြင်သွားလေသည်။ သစ်ခုတ်သမား၏ ဇနီးသည်သည် မသေသေးပေ။ သူ့မျက်နှာတွင် သွေးများဖြင့် အလိမ်းလိမ်း ဖြစ်နေသည်။ ထို့နောက် ရွာသားသည် သစ်ခုတ်သမား၏ ဇနီးသည်ကို သယ်ပိုးကာ ရွာဆီသို့ အမြန်သယ်ဆောင်လာခဲ့လေသည်။ ရွာသူကြီး၏ ဇနီးသည် စိတ်စေတနာကောင်းသူ ဖြစ်သည်။ သူသည် သစ်ခုတ်သမား ဇနီးသည်၏ ဒဏ်ရာများကို ဆေးကြောပေးသည်။ ဒဏ်ရာများကို ဆေးထည့်ပေးသည်။ မကြာမီ သစ်ခုတ်သမား၏ ဇနီးသည်သည် ပြန်လည်ကောင်းမွန်လာခဲ့သည်။ သို့သော် ဝက်ဝံကုတ်ထားသည့် ဒဏ်ရာဒဏ်ချက်ကြောင့် မျက်စိနှစ်ကွင်းမှာ အလင်းမရရှာတော့ပေ။ မျက်မမြင်ဘဝသို့ ရောက်ရှိသွားလေသည်။ သက်ရှိသက်မဲ့ အရာမှန်သမျှ လုံးဝမမြင်တွေ့ရတော့ချေ။ သူ့အဖို့ ဝမ်းနည်းဖွယ် အကောင်းဆုံးမှာ သူ့သားကို မမြင်ရခြင်းပင် ဖြစ်၏။ လူများသည် သူ့ဖြစ်အင်ကိုကြည့်ကာ သနားကြသည်။ ဝမ်းနည်းကြသည်။ သူ့အား အဝတ်အထည်နှင့် အစားအစာများကို ပေးကမ်းကြသည်။ ထို့နောက် ရွာသူရွာသားများသည် သူ့ခင်ပွန်းသည် သစ်ခုတ်သမား၏အလောင်းကို တောထဲရှိ သစ်ပင်တစ်ပင် အောက်တွင် မြှုပ်နှံလိုက်ကြလေသည်။ ဂုတ္တိလလေးကား သနားစရာ ကောင်းလှပေသည်။ သူ့တွင် အဖေမရှိတော့ပေ။ မျက်မမြင် မုဆိုးမကြီးသာ ကျန်ရှိနေလေတော့သည်။

ထိုသို့ဖြင့် နှစ်များစွာ ကြာသွားခဲ့သည်။ ဂုတ္တိလလေး

mgyoe.com

mgyoe.com


လည်း ခြောက်နှစ်သားအရွယ်သို့ ရောက်ရှိလာခဲ့သည်။ သူသည် ယခင်ကကဲ့သို့ ကလေးမဟုတ်တော့ပေ။ သို့သော် သူနှင့် သူ့မိခင်တို့သည် အလွန်ပင် ဆင်းရဲကြသည်။ သူ့မိခင်သည် မျက်မမြင်ဖြစ်၍ အလုပ်ကို ကောင်းစွာ မလုပ်နိုင်ပေ။

ဂုတ္တိလက သူ့မိခင်အား "ကျွန်တော်ကြီးလာရင် အလုပ်ကြိုးစားပြီး အမေ့ကို ပြုစုမယ်။ အမေ့ကို ငွေတွေအပ်မယ်" ဟု မကြာခဏ ပြောဆိုလေ့ရှိသည်။

ရွာရှိ ဘုန်းကြီးများသည် ဂုတ္တိလလေးအား သနားသဖြင့် စာရေးစာဖတ် တတ်မြောက်စေရန် သင်ကြားပေးသည်။ ဂုတ္တိလလေးသည် ဘုန်းတော်ကြီးကျောင်းသို့ နေ့စဉ် သွားရောက်၍ စာအံသည်။ နံနက်တိုင်း ဘုန်းတော်ကြီးများ ဆွမ်းခံလျှင် အမြဲလိုက်ပါလာကာ ဆွမ်းဟင်းများကို သယ်ပိုးပေးသည်။ ဘုန်းတော်ကြီးများ ဆွမ်းခံ၍ ရရှိလာသော ဆွမ်းဟင်းများကို ဂုတ္တိလနှင့် သူ့မိခင်အား ခွဲဝေပေးသည်။ ထို့ကြောင့် ဂုတ္တိလတို့ သားအမိသည် စားသောက်ဖို့ မပူရတော့ချေ။ ထို့ပြင် ဂုတ္တိလသည် တောထဲတွင် သစ်သီးသစ်ဥများကို ရှာဖွေ၍ သူ့မိခင်အား ကျွေးမွေးသည်။

တစ်နေ့တွင် အဘိုးအိုတစ်ယောက်သည် ရွာသို့ ရောက်ရှိလာသည်။ ထိုအဘိုးအိုသည် ဂီတဆရာကြီး ဖြစ်သည်။ စောင်းဆရာကြီး ဖြစ်သည်။ ရွာစဉ်လှည့်လည်သွားကာ စောင်းတီး၍ အသက်မွေးဝမ်း ကျောင်းပြုနေသူဖြစ်သည်။ ဂုတ္တိလသည် ဂီတကို လွန်စွာနှစ်သက် မြတ်နိုးသူဖြစ်သဖြင့် မကြာမီ ဂုတ္တိလသည် စောင်းဆရာကြီးနှင့် မိတ်ဖွဲ့ကာ ခင်မင်ရင်းနှီးသွားလေသည်။ ဂုတ္တိလသည် နေ့စဉ် အချိန်မှန်မှန် စောင်းဆရာကြီး စောင်းတီး

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


သည့်ကို သွားရောက်နားထောင်သည်။ ညနေဝင်ချိန်ကျမှ အိမ်သို့ ပြန်လာသည်။ တစ်နေ့တွင် ဂုတ္တိလသည် စောင်းဆရာကြီးအား-

"ဆရာကြီးခင်ဗျား ကျွန်တော်ဟာ ဂီတကို လွန်စွာ နှစ်သက် မြတ်နိုးပါတယ်။ ကျွန်တော့်ကို စောင်းပညာ သင်ပေးပါလား။ ကျွန်တော် စောင်းဆရာ ဖြစ်ချင်ပါတယ်"ဟု ပြောဆိုလေသည်။

ထိုအခါ စောင်းဆရာကြီးက "စောင်းပညာကို မင်းသင်ချင်ရင်တော့ သင်ပေးရတာပေါ့။ ဒါပေမဲ့ မင်း စောင်းပညာနဲ့ အသက်မွေးလို့ မရနိုင်ဘူးနော်။ ဒီပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုဖို့ဆိုတာ မလွယ်လှဘူးကွ"ဟု ဆိုလေသည်။

ဂုတ္တိလ၏ မိခင်ကလည်း "သား မိုက်လှချည်လား သားသာ ဂီတသမားဖြစ်ရင် အမြဲပဲ ဆင်းရဲနေမှာပဲ။ ဘုန်းတော်ကြီးဆီသွားပြီး ပညာသာသင်ပါ သားရယ်။ စာတတ်ရင် သူဌေးဖြစ်မယ် လူရာဝင်မယ်"ဟု ပြောဆိုလေသည်။

ထိုအခါ ဂုတ္တိလသည်လည်း သူ့မိခင်အား -

"ကျွန်တော် ဂီတကို ချစ်မြတ်နိုးလွန်းလို့ ကျွန်တော့်ကို စောင်းပညာသင်ခွင့်ပြုပါ အမေရယ်"

ဟု အတင်းပူဆာလေသည်။ သူ့မိခင်သည် သားစကားကို ကြားသော် ဒေါသဖြစ်ကာ "မင်းဟာ တော်တော်မိုက်မဲလှပါကလား"ဟု ဆိုပြီး ဂုတ္တိလအား ရိုက်နှက်လေသည်။

သို့သော် ဂုတ္တိလသည် သူ့ဆုံးဖြတ်ချက်ကို မပယ်ဖျက်ပေ။ သူသည် တစ်နေ့တွင် ဂီတသမားဖြစ်ရမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားသည်။ ထို့နောက် သူသည် အလုပ်ကို ကြိုးစားလုပ်

mgyoe.com

mgyoe.com


လေတော့သည်။ မနက်စောစော အိပ်ရာမှထကာ ရေတွင်းတွင် ရေချိုးသည်။ ထို့နောက် ဘုန်းကြီးကျောင်းသို့သွားကာ ဘုန်းတော်ကြီးများ ဆွမ်းခံထွက်ရာတွင် ဝိုင်းဝန်းကူညီသည်။ ဘုန်းကြီးကျောင်းမှ စွန့်လိုက်သော ဟင်း၊ ထမင်းများကို အိမ်သို့ ယူဆောင်လာကာ သူ့မိခင်နှင့်အတူ မနက်စာကို စားသောက်သည်။

ထို့နောက် သူသည် ဘုန်းတော်ကြီးကျောင်းသို့ ပြန်သွားကာ စာအံသည်။ ညနေချိန်တွင် စောင်းဆရာကြီးထံသို့ သွားရောက်ကာ စောင်းပညာကို သင်ကြားသည်။ နေဝင်ချိန်တွင် အိမ်သို့ ပြန်လာသည်။ ည ၆ နာရီအချိန်တွင် သူနှင့် သူ့မိခင်သည် ညစာကို စားသုံးသည်။ ထို့နောက် အိပ်ရာသို့ စောစောဝင်သည်။ ထိုသို့ ဂုတ္တိလသည် စောင်းဆရာကြီးထံမှ စောင်းပညာကို နေ့စဉ်ကြိုးစားသင်ယူရာ မကြာမီ စောင်းပညာကို ကောင်းစွာ တတ်မြောက်သွားလေသည်။ ရွာသူရွာသားများသည် သူ့စောင်းသံကို လာရောက်နားထောင်ကြသည်။ သူ့လက်သံသည် အလွန်ကောင်းမွန်လှ၍ အားလုံးက ချီးမွမ်းကြသည်။ ဂုတ္တိလသည် နေ့စဉ်လူအများအား စောင်းကို တီးခတ်ပြသည်။

သုံးနှစ်အကြာတွင် စောင်းဆရာကြီးသည် ကွယ်လွန်အနိစ္စရောက်သွားလေသည်။ စောင်းဆရာကြီးသည် မကွယ်လွန်မီ တပည့်ဖြစ်သူ ဂုတ္တိလအား "ဒီစောင်းကို မင်းယူပြီး ကောင်းစွာစောင့်ထိန်းပေတော့။ စောင်းကိုလည်း နေ့တိုင်း တီးခတ်ပါ။ မင်းဟာ မကြာမီ ကျော်ကြားမယ့် ဂီတပညာရှင်ကြီးတစ်ယောက်ဖြစ်လာလိမ့်မယ်"ဟု မှာကြားခဲ့လေသည်။

ဂုတ္တိလလည်း စောင်းကို တစ်ဖက်ကမ်းခတ်အောင် တီး

mgyoe.com

mgyoe.com


ခတ်နိုင်သည်အထိ နေ့စဉ် လေ့ကျင့်လေသည်။ ထိုသို့ဖြင့် သူသည် စောင်းကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နိုင်ပြီ ဖြစ်သည်။ တစ်နေ့တွင် သူသည် သူ့မိခင်အား -

"အမေ…ကျွန်တော် ရွာကထွက်ခွာချင်ပြီ။ ကျွန်တော် စောင်းကို လှည့်လည်တီးခတ်ပြီး ငွေရှာပါရစေ။ ဒီလိုသာဆို ကျွန်တော် ငွေအများကြီး စုမိမှာပဲ။ အမေ့ကိုလည်း ရွှေငွေရတနာတွေနဲ့ ပိုးထည်အဝတ်အစားတွေ ဆင်နိုင်မယ်။ အမေ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"ဟု ပြောဆိုလေသည်။

သား၏စကားကို ကြားသော် ပထမတွင် မုဆိုးမကြီးသည် ငိုကြွေးလေသည်။ သို့သော် နောက်ဆုံးတွင် မုဆိုးမကြီးသည် သား၏အကြံကို လက်ခံကာ သားအမိနှစ်ယောက်သည် ရွာမှ ထွက်ခွာလာခဲ့ကြလေသည်။ ရွာသူရွာသားများသည် သူတို့ကို သနားချစ်ခင်ကြသဖြင့် ငွေများ၊ အဝတ်အစားများ ထောက်ပံ့ကြလေသည်။ ဂုတ္တိလ၏ မိတ်ဆွေများကလည်း "သူငယ်ချင်း ဂုတ္တိလ၊ မင်း ချမ်းသာရင် ရွာကိုပြန်လာခဲ့ပါကွာ"ဟု မျက်ရည်လည်ကာ ပြောကြသည်။

ဂုတ္တိလကလည်း သူ့မိတ်ဆွေများအား "မပူနဲ့ သူငယ်ချင်းတို့၊ ငါချမ်းသာရင် ရွာကို ပြန်လာမယ်။ စိတ်ချ။ မင်းတို့အတွက်လည်း လက်ဆောင်ကောင်းတွေ ယူလာခဲ့မယ်"ဟု ပြန်လည်ပြောဆိုသည်။

ထိုသို့ဖြင့် ဂုတ္တိလတို့သားအမိသည် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် လှည့်လည်ရင်း လူများကို စောင်းဖြင့်တီးခတ် ဖျော်ဖြေလေသည်။ ဂုတ္တိလ၏စောင်းသံကို လူအများက နှစ်သက်ကြ

mgyoe.com

mgyoe.com


သဖြင့် ငွေများပေးကြလေသည်။ မကြာမီ ဂုတ္တိလတို့ သားအမိနှစ်ယောက်တွင် အိမ်ကလေးဝယ်နိုင်သည်အထိ ငွေများ စုဆောင်းမိလေသည်။ သူတို့သားအမိသည် အိမ်ကလေးတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လေသည်။ ထို့နောက် လူငယ်များသည် သူ့ထံသို့ လာရောက်ကြကာ သူတို့အား စောင်းပညာ သင်ကြားပေးရန် ပြောဆိုကြသည်။ ထိုသို့ဖြင့် သူ့ထံတွင် စောင်းပညာသင်ကြားကြသည့် ကျောင်းသားများ များပြားလာကာ ဂုတ္တိလသည် စောင်းပညာ သင်ကြားခငွေများ များစွာရရှိလေသည်။ သူ့နာမည်လည်း ကျော်ကြားလာသည်။ လူတိုင်းက သူ့အား "ဂုတ္တိလဟာ သိပ်တော်တဲ့ ဂီတပညာရှင်ကြီး ဖြစ်တယ်"ဟု ပြောဆိုကြသည်။ ချမ်းသာသောသူများသည် ညည့်ခံပွဲများတွင် ဂုတ္တိလအား စောင်းဖြင့် ဖြေဖျော်စေသည်။ မင်္ဂလာညည့်ခံပွဲများတွင်လည်း ဂုတ္တိလ၏ စောင်းသံမပါလျှင် မပြီးပေ။

တစ်နေ့တွင် ဘုရင်ကြီးသည် ဂုတ္တိလအကြောင်းကို သိရှိသွားလေသည်။ ထို့နောက် ဝန်ကြီးများအား "ဂုတ္တိလဆိုတာ ဘယ်သူလဲ လျှောက်တင်စမ်း"ဟု မိန့်ဆိုလေသည်။ ဝန်ကြီးများက "မှန်ပါ၊ ဂုတ္တိလဆိုတာ ဂီတပညာရှင်ကြီးတစ်ဦး ဖြစ်ပါတယ်။ သူဟာ စောင်းပညာကို လက်ခမောင်းခတ်လောက်အောင် တတ်သိလိမ္မာသူ ဖြစ်ပါတယ်။ သူ့စောင်းသံဟာလည်း သာယာချို အေးလှပါတယ်"ဟု ဘုရင်ကြီးအား လျှောက်တင်ကြလေသည်။

ဝန်ကြီးများ၏ လျှောက်တင်ချက်ကို ကြားသော် ဘုရင်ကြီးက "ဒါဖြင့် ငါကိုယ်တော်မြတ် ဒီလူငယ်ရဲ့ လက်သံကို နားဆင်ချင်တယ်"ဟု မိန့်ဆိုလေသည်။ ဝန်ကြီးများလည်း

mgyoe.com



mgyoe.com

mgyoe.com


ဂုတ္တိလအား နန်းတော်သို့ ဆင့်ခေါ်လိုက်လေသည်။ ဂုတ္တိလသည် နန်းတော်သို့ရောက်သော် ဘုရင်ကြီးအား စောင်းတီးခတ်၍ ဖျော်ဖြေလေသည်။ ဘုရင်ကြီးသည် ဂုတ္တိလ၏ စောင်းသံကိုကြားသော် များစွာ နှစ်သက်သဘောကျသွားသည်။

"မောင်မင်းရဲ့ စောင်းသံဟာ လွန်စွာမှ သာယာနာပျော်ဖွယ် ရှိလှပါပေတယ်။ မောင်မင်းကို ယနေ့ကစပြီး ငါကိုယ်တော်မြတ်ရဲ့ ဂီတမှူးကြီးအဖြစ် ခန့်အပ်လိုက်ပြီ"ဟု မိန့်ကြားလိုက်လေသည်။ ထိုသို့ဖြင့် ဆင်းရဲသော မျက်မမြင် မုဆိုးမ၏သား ဂုတ္တိလသည် ဘုရင်ကြီး၏ ဂီတမှူးကြီး ဖြစ်လာခဲ့လေသည်။

မကြာမီ ဂုတ္တိလ၏ကျော်ကြားမှု သတင်းသည် နေရာအနှံ့ပျံ့နှံ့သွားလေသည်။

ထိုအချိန်တွင် ရွာကလေးတစ်ရွာအနီးတွင် ပုပ္ပားတောင်ကြီးတစ်တောင် ရှိလေသည်။ ထိုတောင်ပေါ်တွင် မိထိလအမည်ရှိ လူကလေးတစ်ဦး နေထိုင်လေသည်။ မိထိလ၏ ဖခင်သည် လက်သမားဆရာတစ်ဦး ဖြစ်သည်။ သို့သော် မိထိလသည် လက်သမားဆရာတစ်ယောက် မဖြစ်လိုပေ။ သူသည် ဂီတကို ချစ်မြတ်နိုးသည်။ ဂီတဆရာသာ ဖြစ်လိုသည်။ သူသည် စောင်းဆရာကြီး ဂုတ္တိလ၏သတင်းကို ကြားသောအခါ ဂုတ္တိလထံတွင် စောင်းပညာ သင်ကြားလိုစိတ် တဖွားဖွား ပေါ်ပေါက်လာသည်။ ထို့နောက် သူသည် ဂုတ္တိလထံတွင် တပည့်ခံရန် ဆုံးဖြတ်ချက်ချလိုက်သည်။ တစ်နေ့တွင် မိထိလသည် မိဘနှစ်ပါးအား နှုတ်ဆက်ကာ ဂုတ္တိလထံတွင် စောင်းပညာသင်ကြားရန် ရွာမှ ထွက်ခွာလာခဲ့လေသည်။

mgyoe.com